# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 21, 2019 Volume 15, Number 13


**၂၁.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/ကျပ် |
| CBM Rate | = ၁၅၄၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၅၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၇.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၅.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၇.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၇.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၇၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၃၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၅.၄၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၇၆ကျပ် |

Source: CBM Rate, etrademyanmar.com

## ကြက်သွန်နီအသစ်ပေါ်ချိန် ဈေးနှုန်းများကျဆင်း

အခြေခံစားသောက်ကုန်များထဲမှတခုဖြစ်သည့် ကြက်သွန်နီဈေးနှုန်းများသည် အသစ်ပေါ်ချိန်ဖြစ်သည့်အပြင် ပြည်ပဝယ်လိုအားမရှိသည့်အတွက် လတ်တလော မှာ ဈေးနှုန်းအကျဘက်သို့ ဦးတည်နေသည်ကို ရန်ကုန်ဘုရင့်နောင်ဈေးကွက် အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလမှ မတ်လအထိကာလသည် ကြက်သွန်နီလှိုင်လှိုင် ထွက်ရှိသည့်ကာလဖြစ်ပြီး၊ ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်သို့ နေ့စဉ်ကြက်သွန်နီ ကားအစီးရေ ၃၀ ဝန်းကျင်ခန့် နေ့စဉ်ပုံမှန်ဝင်ရောက်နေကြောင်းသိရသည်။

သို့ဖြစ်ရာ ယခုရက်ပိုင်းအတွင်း ကြက်သွန်နီများ အဝင်များလာသည့်အတွက် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌဦးခင်ဟန်ကဆိုသည်။ ကြက်သွန်နီအသစ်ပေါ်ချိန်ဖြစ်၍ ဈေးကျဆင်းနေကြောင်းလည်းသိရသည်။ ပြီးခဲ့သည့် တစ်ပတ်က ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကြက်သွန်နီဈေးနှုန်းများမှာ ဆိပ်ဖြူရှယ်တစ်ပိဿာလျှင် ၉၅၀ ကျပ်မှ ၇၀၀ ကျပ်၊ မြင်းခြံရှယ်တစ်ပိဿာလျှင် ၁,၀၅၀ ကျပ်မှ ၈၀၀ ကျပ်၊ မြစ်သားရှယ်(သစ်) တစ်ပိဿာလျှင် ၁,၃၂၅ ကျပ်မှ ၁,၀၅၀ ကျပ်သို့ ကျဆင်းသွားသည်ကို ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်းထုတ်ပြန်ချက်များအရ သိရသည်။ ယင်းအပြင် ပြည်ပဝယ်လိုအားမှာလည်း ရပ်တန့်နေခြင်းကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းနိုင်ကြောင်း ၎င်းကသုံးသပ်ပြောဆိုထားသည်။

ကြက်သွန်နီကို ပြည်ပသို့အများဆုံးတင်ပို့ရောင်းချနေသည့် အိန္ဒိယနိုင်ငံပင် ပြည်ပဝယ်လိုအားနည်း၍ တင်ပို့ရောင်းချနိုင်ခြင်းမရှိရာ မြန်မာနိုင်ငံအနေ၏ ကြက်သွန်နီ ပြည်ပဈေးကွက်တင်ပို့မှုမှာလည်း အလားအလာမကောင်းနိုင်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ ယခင်က မြန်မာ့ကြက်သွန်နီကို မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ အဓိကဝယ်ယူခဲ့ကြပြီး၊ ပြီးခဲ့သည့်နှစ်က ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှစ်ခုလုံးမှ တန်ချိန် နှစ်သောင်းကျော်၊ သုံးသောင်းနီးပါးသာ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

သို့သော် ယခုနှစ်တွင် လုံးဝတင်ပို့နိုင်ခြင်းမရှိသေးကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ဧက (မိုးနှင့်ဆောင်း) ဧက ၄၀,၀၀၀ နီးပါး စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ၁၀ သိန်း နီးပါးထွက်ရှိကြောင်း သိရသည်။ လက်ရှိဆောင်းကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ပြီးခဲ့သည့်နှစ်များက ပြည်တွင်း ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာမှုကို အကြောင်းပြကာ တရုတ်နိုင်ငံမှ တရားမဝင်ကြက်သွန်နီများကို တန်ချိန်အများအပြားတင်သွင်းမှုများရှိခဲ့သည်။

Source: https://www.facebook.com/amiamyanmar/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ရိုးရာလက်မှုပစ္စည်းတွေနဲ့ စိုက်ပျိုးရေးထွက် စားသောက်ကုန်အချို့ ဇုန်ပြောင်းပို့ကုန်အဖြစ်သတ်မှတ်မည်

ရိုးရာလက်မှုပစ္စည်းတွေနဲ့ စိုက်ပျိုးရေးကဏ္ဍကထွက်ရှိတဲ့ အခြေခံစားသောက်ကုန်အချို့ကို ဇုန်ပြောင်း ပို့ကုန်တွေအဖြစ်သတ်မှတ်ပြီး ပို့ကုန်မဟာဗျူဟာစီမံကိန်းထဲကို ထည့်သွင်းသွားမယ်လို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကသိရပါတယ်။ အဓိကကတော့ ပို့ကုန်အတွက် အလားအလာရှိမယ့် အမယ်တွေပေါ်၊ အခြေခံ စားသောက်ကုန်တွေဆိုရင် အခုကကုန်ကြမ်းအတိုင်းပို့နေရတယ်၊ ဒါတွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေလုပ်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောပါတယ်။



လက်ရှိမှာ စီးပွားကူးသန်းဝန်ကြီးဌာနအနေနဲ့ ပို့ကုန်မြင့်မားရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲပြီး ဆောင်ရွက်နေတာပါ။ ဗျူဟာရေးဆွဲပြီး ဆောင်ရွက်နေတဲ့ ပို့ကုန်တွေထဲမှာ အလားအလာမကောင်းတာကြောင့် ပြန်ပြီး သုံးသပ်ရမယ့် ပို့ကုန်အမယ်အချို့လည်းရှိတယ်လို့သိရပါတယ်။ ဥပမာ အထည်ချုပ်ကဏ္ဍ CMP ရဲ့ပို့ကုန်ဆိုရင် အလားအလာကောင်းပေမဲ့ ပဲမျိုးစုံဆိုရင် အိန္ဒိယက ဝယ်လိုအားလျော့သွားတာကြောင့် ပြန်ပြီးသုံးသပ်ရမယ့် သဘောရှိတယ်လို့သိရပါတယ်။

လက်ရှိမှာ ပြည်ပပို့ကုန်ပမာဏဟာ လက်ရှိဘဏ္ဍာနှစ် ဇန်နဝါရီ ၄ ရက်နေ့အထိ ကာလတူထက် အမေရိကန် ဒေါ်လာ သန်း ၁၅၀ ကျော် ပိုမိုရရှိထားပါတယ်။ ဒါပေမဲ့ နယ်စပ်ပို့ကုန်ပမာဏကတော့ တရုတ်ဘက်က ဖမ်းဆီးစစ်ဆေးမှုရှိခဲ့တာကြောင့် ကာလတူထက် သန်း ၁၀၀ ကျော် လျော့နည်းနေပါတယ်။

**Source:** https://www.kumudranews.com/news-31978?fbclid=IwAR1LC3ObeZFz093eUKRwSN2OBm89hwQSN_ycIlT05Ek3-RWniziWnmZpq_4

## ဆန်တွေကို အခွန်ပြန်ကောက်ဖို့ ဥရောပသမဂ္ဂရဲ့ဆုံးဖြတ်ချက်ကို မြန်မာနဲ့ကမ္ဘောဒီးယား အပြစ်တင်

ဥရောပကိုတင်ပို့နေတဲ့ အမေရိကန်ဒေါ်လာသန်းနဲ့ချီတန်ဖိုးရှိတဲ့ ဆန်တွေအပေါ် ဥရောပကော်မရှင် (European Commission) က အခွန်ကောက်ခံမှု ပြန်လည်စတင်မယ့်အပေါ် မြန်မာနဲ့ကမ္ဘောဒီးယားတို့က အပြစ်တင်လိုက်ပြီး ဒါဟာ ဆင်းရဲတဲ့လယ်သမားတွေအပေါ်မှာ လက်နက်တစ်ခုအဖြစ်ဆောင်ရွက်တာဖြစ်တယ်လို့ ကမ္ဘောဒီးယားဝန်ကြီးဌာနက ပြောပါတယ်။ ဈေးသက်သာတဲ့ဆန်တွေ တင်သွင်းနေတာကြောင့် လယ်သမားတွေထိခိုက်နေရတယ်လို့ အီတလီနိုင်ငံက ပြောကြားပြီး ဆန်တင်သွင်းမှုတွေကို အပြင်းအထန်ကန့်ကွက်ခဲ့အပြီးမှာတော့ မြန်မာနဲ့ကမ္ဘောဒီးယားက တင်ပို့နေတဲ့ ဆန်လုံးရှည် အမျိုးအစား ဆန်တစ်တန်ကို ဥရောပကော်မရှင်က ၁၇၅ ယူရို (ဒေါ်လာ ၂၀၀) ကောက်ခံတော့မှာဖြစ်ပါတယ်။ မြန်မာနဲ့ကမ္ဘောဒီးယားနိုင်ငံတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် "လက်နက်မှအပ အရာအားလုံး" Everything But Arms (EBA) အစီအစဉ်ကိုဖယ်ရှားဖို့ ဥရောပကော်မရှင်ကစဉ်းစားနေစဉ်မှာပဲ ဒီဆုံးဖြတ်ချက် ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအကြောင်းအရာနှစ်ခုက ဆက်စပ်မှုမရှိပါဘူး။ EBA အစီစဉ်အရ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အနေနဲ့ ဆန်အပါအဝင် ကုန်စည်မျိုးစုံကို အခွန်ပေးဆောင်ဖို့မလိုအပ်ပဲ ဥရောပဈေးကွက်ကို တင်ပို့နိုင်ပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်အတွင်း မြန်မာနဲ့ကမ္ဘောဒီးယားတို့ကတင်ပို့တဲ့ ဆန်လုံးရှည်ပမာဏဟာ ၈၉ ရာခိုင်နှုန်းအထိဖြစ်လာတယ်လို့ ဥရောကော်မရှင်ကတွေ့ရှိခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနကတော့ ဒါဟာတိကျမှုမရှိတဲ့ သတင်း အချက်အလက်တွေအပေါ် အခြေခံပြုလုပ်တာဖြစ်ပြီး အရှေ့တောင်အာရှရဲ့ အဆင်းရဲဆုံးတိုင်းပြည်တွေထဲက တစ်ခုဖြစ်တဲ့ ကမ္ဘောဒီးယားက လယ်သမားတွေကို ထိခိုက်စေမယ်လို့ပြောပါတယ်။

အဲဒါက "အကြွေးတင်နေသူတွေနဲ့ မိသားစုတွေကို သတ်ဖို့လက်နက်ဖြစ်တယ်"လို့ ဇန်နဝါရီ ၁၇ ရက်နေ့က ပြောပါတယ်။ အစိုးရရဲ့ စာရင်းတွေအရ ကမ္ဘောဒီးယားကတင်ပို့နေတဲ့ ဆန်တန်ချိန် ၆၂၅,၀၀၀ ထဲက ထက်ဝက်နီးပါးဟာ ဥရောပသမဂ္ဂ ဈေးကွက်ကို တင်ပို့နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဦးရဲမင်းဦးကလည်း အခုလို အခွန်ကောက်မှာကို အပြစ်တင်လိုက်ပါတယ်။ မြန်မာကနေ ဥရောပသမဂ္ဂကို နှစ်စဉ် ဒေါ်လာသန်း ၁၀၀ ဖိုးလောက် ဆန်တင်ပို့နေတယ်လို့ သူကပြောပါတယ်။

**Source:** https://frontiermyanmar.net/mm/news/13049

## မြန်မာနိုင်ငံ၏ အကြီးဆုံးသိုလှောင်မှုစင်တာ Maxxcare တည်ဆောက်ပြီးစီးပြီ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံစက်မှုဇုန်တွင် ဆေးဝါးနှင့်စားသောက်ကုန်များ နိုင်ငံတကာအရည်အသွေးအတိုင်းဖြန့်ချိနိုင်မည့် မြန်မာ့အကြီးဆုံးသိုလှောင်မှုစင်တာ "Maxxcare"အား တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် လုပ်ငန်းများလည်ပတ်နိုင်တော့မည်ဖြစ်သည်။ ယင်းစင်တာကို မြေဧက ၁၁ ဧက ပေါ်တွင်လွန်ခဲ့သော ၂၀၁၇ ခုနှစ် မေလအတွင်းက Mega Lifesciences Group ၏ ဖြန့်ချိရေးလက်ခွဲဖြစ်သည့် Maxxcare Ltd မှ ပြည်တွင်းကုမ္ပဏီတစ်ခုကို အပ်နှံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာကျပ်ငွေ ၁၈ ဒသမ ၈ဘီလျံ ကုန်ကျခဲ့သည်။ Maxxcare သည် ဖြန့်ချိရေးစင်တာများအနက် မြန်မာနိုင်ငံတွင်အကြီးမားဆုံးဖြစ်သည်။

လက်ရှိအချိန်တွင် သိုလှောင်မှုအတွက် စတုရန်းပေ ၁၂၀,၀၀၀ အကျယ်အဝန်းနှင့် ဝန်ဆောင်မှုဧရိယာ၊ ခေတ်မီရုံးခန်းနေရာ၊ ကန်တင်းတစ်ခုအပါအဝင် ထပ်တိုးအကျယ်အဝန်းစတုရန်းပေ ၃၈,၀၀၀ကို တိုးချဲ့အသုံးပြုထားသည်။ စင်တာတွင်ဆေးဝါး၊ စားသောက်ကုန်၊ အလှကုန်၊လူသုံးကုန်ပစ္စည်းများအား သိုလှောင်မည်ဖြစ်သည်။ ပစ္စည်းများကတော့ ကမ္ဘာ့နိုင်ငံအစုံမှတင်သွင်းပြီး ပြည်တွင်းတွင် ဖြန့်ချိမည်ဖြစ်သည်။ အပူချိန်ထိန်းညှိသည့် နိုင်ငံတကာ အဆင့်မီစနစ်နှင့် လုပ်ဆောင်ထားသည်။

မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံများတည်ဆောက်ရန် နိုင်ငံခြားကုမ္ပဏီနှစ်ခုဝင်ရောက်ခဲ့ ထိုစင်တာတွင် ကိုးမီတာအမြင့်ရှိသော ခေတ်မီခြောက်ထပ်ပါသံစင်များဖြင့် ကတ္တူသေတ္တာ ၇၀၀,၀၀၀ခန့်ကို သိုလှောင်နိုင်မည်ဖြစ်ပြီး ဆေးဝါးထုတ်ကုန်များကိုလည်း လေအေးစက်တပ်ဆင်ထားသည့်သိုလှောင်ရာနေရာတွင်ထားရှိမည်ဖြစ်ကြောင်း၊ 2° C မှ 8° C အတွင်း တည်ငြိမ်သော အပူချိန်လိုအပ်သည့်ကာကွယ်ဆေး၊ အင်ဆူလင်နှင့် အခြားဆေးဝါးများကဲ့သို့ ထုတ်ကုန်များအတွက် အအေးခန်းသိုလှောင်ရုံတစ်ခုလည်းပါဝင်မည်ဖြစ်သည်။

ယင်းအပြင်ရန်ကုန်ဖြန့်ချိရေးစင်တာ၏ ဒီဇိုင်းတွင် အန္တရာယ်ကင်းရှင်းရေးအတွက် ဂါလန် ၈၀,၀၀၀ဆံ့ ရေသိုလှောင်ကန်နှင့် မီးလောင်ပါက အလိုအလျောက်ရေဖြန်းပေးသည့် မီးသတ်စနစ်တခုလည်းပါဝင်ကြောင်း၊ စင်တာအတွက် နောက်ထပ်ပြုလုပ်မည့် အစီအစဉ်တွင် နေရောင်ခြည်စွမ်းအင်မှ ကီလိုဝပ် ၄၀၀ ထုတ်လုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားပေးစနစ်တစ်ခုကို ခေါင်းမိုးပေါ်တွင် တပ်ဆင်မည်ဖြစ်ပြီး၊ ခန့်မှန်းခြေ ကာဗွန်ဒိုင်အောက်ဆိုက် ၁၁၃၄၀ တန် စွန့်ထုတ်မှုကို တားဆီးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/local-industry/1229-the-country-s-largest-storage-center-maxxcare-complete.html?

## စင်ကာပူရဲ့ Ascent က မြန်မာဈေးကွက်ဗဟိုပြု private equity fund တစ်ခုထူထောင်

စင်ကာပူအခြေစိုက် ဘဏ္ဍာငွေစီမံခန့်ခွဲမှုလုပ်ငန်းကုမ္ပဏီ Ascent Capital Partners Pte က ယခုအခါမြန်မာနိုင်ငံကို အထူးအာရုံစိုက်မယ့် private equity fund (ပုဂ္ဂလိက အစုရှယ်ယာ ရန်ပုံငွေဖြင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း) တစ်ခုကို ထူထောင်လိုက်ကြောင်း သိရပါတယ်။ ယင်း fund ကိုတော့ စင်ကာပူ holding ကုမ္ပဏီ Temasek Holdings Pte နဲ့ ADB ဘဏ်တို့ကလည်း ပံ့ပိုးပေးထားတယ်လို့ သိရပါတယ်။ အဆိုပါ Ascent Myanmar Growth Fund I ကတော့ လက်ရှိမှာကန်ဒေါ်လာ သန်း ၅၀ ကျော် မတည်ရရှိထားနိုင်ပြီဖြစ်ကာ လာမယ့်လတွေအတွင်း ရင်းနှီးမြှုပ်နှံသူတစ်ဦး သို့မဟုတ် နှစ်ဦးထက်ကျော် ထပ်ပေါင်း ထည့်နိုင်ပြီး ဒေါ်လာ သန်း ၁၀၀ အထိရရှိဖို့မျှော်မှန်းထားကြောင်း Ascent ပူးတွဲတည်ထောင်သူ Lim Chong Chong က ပြောပါတယ်။

ယင်း ဘဏ္ဍာငွေကြေးတွေကိုတော့ ယခုနှစ်အတွင်း ဒေါ်လာ ၅ သန်းနဲ့ သန်း ၂၀ အကြား ရင်းနှီးမြှုပ်နှံမှုနှစ်ရပ်ကို လုပ်ဆောင်သွားမှာဖြစ်ကြောင်းနဲ့ ၂၀၂၃ မတိုင်ခင် နောက်ထပ်ရင်းနှီးမြှုပ်နှံပေါင်း ၈ ခု အထိလုပ်သွားမှာဖြစ်ကြောင်း ၎င်းကပြောသွားပါတယ်။ မြန်မာနိုင်ငံကတော့ လက်ရှိအရှေ့တောင်အာရှမှာ အမြန်ဆန်ဆုံးတိုးတက်နေတဲ့ စီးပွားရေးနိုင်ငံတွေထဲကတစ်ခုဖြစ်နေပြီး ၂၀၂၀ မှာ စီးပွားရေးတိုးတက်မှုနှုန်း ၇ဒသမ ၁ ရာခိုင်နှုန်းထိရောက်ရှိမယ်လို့ ကမ္ဘာ့ဘဏ်ကခန့်မှန်းထားကြောင်းသိရပါတယ်။

Ascent ရဲ့ fund အနေနဲ့ကတော့ သက်ဆိုင်ရာလုပ်ငန်းတွေမှာ ဦးဆောင်နေကြတဲ့ ကုမ္ပဏီတွေမှာရှယ်ယာ ၃၀ ရာခိုင်နှုန်းဝန်းကျင်အထိ ဝယ်ယူသွားဖို့ကြိုးပမ်းသွားမယ်လို့လည်း သိရပါတယ်။

**Source:** https://www.bloomberg.com/…/ascent-starts-myanmar-private-e…

## မြန်မာ-တရုတ်ပူးပေါင်းပြီး ဆန်စက်စီမံကိန်း တိုင်းဒေသကြီးနဲ့ပြည်နယ် ၃ ခုမှာ စတင်ဆောင်ရွက်

မြန်မာ-တရုတ်ပူးပေါင်းပြီး ဆန်စက်စီမံကိန်း တိုင်းဒေသကြီးနဲ့ပြည်နယ် ၃ ခုမှာ စတင်ဆောင်ရွက်ဖို့ရှိနေတယ်လို့ မြန်မာ့လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်း (MAPCO)ထုတ်ပြန်ချက်အရသိရပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်း CITIC နဲ့ MAPCO တို့ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပြီး ကနဦးအနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ် ၃ ခုမှာ စတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

စီမံကိန်းပထမအဆင့်အနေဖြင့်ရန်ကုန်၊ မန္တလေးနဲ့ရခိုင်တို့မှာ ဆောင်ရွက်မှာဖြစ်ပြီး ကန်ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေဖြင့် တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၁ ခုမှာဆက်ပြီး အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ စီမံကိန်းဒုတိယအဆင့်မှာ ကန်ဒေါ်လာ သန်း ၄၀၀ ရင်းနှီးမြှုပ်နှံဖို့ရှိနေပြီး လက်ရှိမှာ ရင်းနှီးမြှုပ်နှံမှုအချိုးနဲ့ ရှယ်ယာပါဝင်မှု၊ ဈေးငွေရရှိမှုတို့ကို ဆက်လက်ဆွေးနွေးလျက်ရှိတယ်လို့ MAPCO ထံက သိရပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2228360887251191?__tn__=K-R

## ကော်ဖီစိုက်တောင်သူများကို အမေရိကန်နိုင်ငံပညာရှင်များမှ ကော်ဖီကြိတ်ခွဲနည်းသင်တန်းပေးမည်

ကော်ဖီစိုက်ပျိုးရာဒေသများဖြစ်သည့် ပြင်ဦးလွင်နှင့်ရှမ်းပြည်နယ်အတွင်းရှိ ကော်ဖီစိုက်တောင်သူများကို အမေရိကန်နိုင်ငံသား ကော်ဖီပညာရှင်များမှ ကော်ဖီကြိတ်ခွဲထုတ်လုပ်ခြင်း သင်တန်းများကွင်းဆင်းပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ




ကော်ဖီအသင်းမှ အတွင်းရေးမှူး ဦးမင်းလှိုင်ကပြောသည်။ အဆိုပါသင်တန်းတွင် ကော်ဖီကြိတ်ခွဲသည့်သူများနှင့် ကော်ဖီစိုက်တောင်သူများကို ကော်ဖီကြိတ်ခွဲထုတ်လုပ်ခြင်း တစ်ပတ်ကြာ သင်တန်းပေးမည်ဖြစ်ပြီး ၊ သင်တန်းသားအရေအတွက်အား လူဦးရေ ၂၀ ခန့်သာ သတ်မှတ်ထားကြောင်းသိရသည်။

အဆိုပါသင်တန်းမှ ကော်ဖီကို မကြိတ်ခွဲပဲ သဘာဝအတိုင်း အခြောက်ခံထုတ်လုပ်နည်း၊ ကော်ဖီကိုကြိတ်ခွဲပြီး အချဉ်မဖောက်၊ ရေမဆေးပဲ အခြောက်ခံထုတ်လုပ်နည်း၊ ကော်ဖီကိုကြိတ်ခွဲပြီး အချဉ်ဖောက်ရေဆေးကာ အခြောက်ခံထုတ်လုပ်နည်းများကို အရည်အသွေး အာမခံချက်ရှိစေရန် သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းကို တက်ရောက်လို့ရရှိတဲ့ သင်တန်းဆင်းလက်မှတ်ကြောင့် ပြည်ပကိုတင်ပို့တဲ့အခါမှာ အခွင့်အလမ်းကောင်းတွေ ရရှိစေမှာလို့ ၎င်းကပြောသည်။ ၎င်းသင်တန်းကို ယခု ဇန်နဝါရီလ ၂၂ ရက်မှ ဖေဖဝါရီလအတွင်း ၂၈ ရက်နေ့ (မနက် ၉ နာရီမှ ညနေ ၅ နာရီ) အထိ မန္တလေးကော်ဖီအုပ်စု ကော်ဖီစက်ရုံ၊ အနီးစခန်း၊ ပြင်ဦးလွင်တွင် ပထမအကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်နေ့ (မနက် ၉ နာရီမှ ညနေ ၅ နာရီ) အထိ ရှမ်းပြည်နယ်ရှိ အမရာကော်ဖီစက်ရုံတွင် ဒုတိယအကြိမ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5771

## ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံဈေးတက်

အိန္ဒိယနိုင်ငံက ဈေးတိုးပေးပြီး ဝယ်ယူခြင်းကြောင့် တစ်ပတ်အတွင်း ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံတစ်တန်လျှင် ကျပ်ခုနစ်သောင်းခန့်ဈေးတက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးက



ပြောသည်။

အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံအထွက်လျော့နည်းခြင်းကြောင့် မြန်မာနိုင်ငံမှ ဝယ်လိုအားတိုးမြှင့်သဖြင့် ပြည်တွင်းဈေးကွက်၌ ပဲစင်းငုံဈေးမြင့်တက်လာသည်ဟု ၎င်းကဆိုသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ မွမ်ဘိုင်း၊ ချန်နိုင်း စသောမြို့တို့တွင် ပဲစင်းငုံဈေး ဆက်တိုက်မြင့်တက်နေကြောင်း ဦးမင်းကိုဦးက ပြောသည်။ ပဲစင်းငုံဈေး မြင့်တက်သော်လည်း မတ်ပဲက ယခုရက်ပိုင်းတွင် ဈေးငြိမ်နေသည်။

အိန္ဒိယမှာ လိုအပ်ချက်ရှိနေကြောင်း၊ အစိုးရက မူဝါဒမပြောင်းဘဲ ဆက် ဝယ်ရင် ဈေးကထပ်ပြီး မာလာနိုင်ကြောင်း ဦးမင်းကိုဦးကပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံတစ်တန်လျှင် တစ်ပတ်အတွင်း ကျပ်ခုနစ်သိန်းတစ်သောင်းခွဲမှ ကျပ်ခုနစ်သိန်း ရှစ်သောင်းခုနစ်ထောင်အထိ ဈေးမြင့်တက်လာသည်။ သို့သော် မတ်ပဲဈေးနှုန်း တစ်တန်လျှင် ကျပ်ခုနစ်သိန်းတစ်သောင်းခွဲ ဈေးငြိမ်နေကြောင်း ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှကုန်သည်တစ်ဦးကပြောသည်။

လက်ရှိ ပြည်တွင်း၌ မတ်ပဲနှင့်ပဲစင်းငုံလက်ကျန်လျော့နည်းလာပြီး ယခုရက်ပိုင်းတွင် ပဲစင်းငုံအသစ်များလည်း ပြည်တွင်းဈေးကွက်အတွင်းသို့ အနည်းငယ်စတင်ဝင်ရောက်လာသည်။ ပြည်တွင်း၌ မတ်ပဲလက်ကျန် တန်ချိန် ငါးသောင်း ခန့်သာရှိနိုင်ပြီး ပဲစင်းငုံအဟောင်းလည်း တန်ချိန် တစ်သောင်းခွဲမှ နှစ်သောင်းအကြားသာ ရှိနိုင်မည်ဟုမှန်းဆသည်။

**Source:** http://www.7daydaily.com/story/147894

## စက်သုံးဆီဈေး တည်ငြိမ်နေ

ပြည်တွင်း စက်သုံးဆီဈေးသည် တစ်ကျော့ပြန် မြင့်တက်ခဲ့သည့်နှုန်းအတိုင်း ၁၁ ရက်ကြာ အပြောင်း အလဲမရှိဘဲ တည်ငြိမ်နေသည်။ ပြည်တွင်းစက်သုံးဆီ ရန်ကုန်အထိုင်ဈေးကွက်တွင် ဇန်နဝါရီ ၁၉ ရက်က အောက်တိန်း - 92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း - 95 တစ်လီတာလျှင် ၇၉၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ၈၉၅ ကျပ် ရောင်းနှုန်းရှိခဲ့သည်။

အဆိုပါ ဈေးနှုန်းများသည် ဇန်နဝါရီ ၉ ရက်က နှုန်းအတိုင်းဖြစ်ပြီး ဈေးဆက် လက်တည်ငြိမ်နိုင်သေး ကြောင်း ဈေးကွက်ကျွမ်းကျင်သူအချို့ကဆိုသည်။ ပြည်တွင်းစက်သုံးဆီ ရန်ကုန်အထိုင်ဈေးကွက်တွင် အောက်တိုဘာလကုန်က စ၍ ဈေးဆက်တိုက်ကျဆင်းရာမှ ဇန်နဝါရီ ၉ ရက်ကတစ်လီတာလျှင် ၁၅ ကျပ်စီ ပြန်လည်မြင့်တက်ခဲ့သည်။ ထိုသို့ စက်သုံးဆီဈေးနှုန်း အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေသော်လည်း နိုင်ငံခြားငွေလဲနှုန်းကျဆင်းနေသည်။

ဇန်နဝါရီ ၁၈ ရက်က ကန်တစ်ဒေါ်လာလျှင် ၁,၅၄၀ ကျပ်ခန့်ရှိခဲ့ပြီး ယင်းလဆန်းကထက် တစ်ဒေါ်လာလျှင် ၁၀ ကျပ်ခန့် ကျဆင်းခဲ့သည်။ သို့သော် ကမ္ဘာ့ရေနံစိမ်းဈေးသည် ဇန်နဝါရီ ၁၈ ရက်ကတစ်စည်လျှင် ဒေါ်လာ ၆၀ ခန့်ရှိပြီး ယခုလအတွင်း သိသာစွာ ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း စက်သုံးဆီ ဈေးကွက်သတင်းများကဆိုသည်။

**Source:** http://www.7daydaily.com/story/147895

## ရခိုင်ပြည်နယ်တွင် ငါးခြောက်ဈေးကွက်အရောင်းသွက်



ပွင့်လင်းရာသီ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရန်နှင့် စစ်ဘေးရှောင်များကို လှူဒါန်းရန် လူမှုအဖွဲ့ အစည်းများက ဝယ်ယူနေခြင်းကြောင့် ရခိုင်တွင် ငါးခြောက်အရောင်းသွက်နေကြောင်း သံတွဲမြို့နယ် ဂျိတ္တောရပ်ကွက်မှ ငါးခြောက်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အများဆုံးရောင်းရသည့် ငါးခြောက်များသည် ငါးနီတူ၊ ငါးကုန်းညိုနှင့် ငါးသရွေးခြောက်များ ဖြစ်ပြီး လူမှုအဖွဲ့အစည်းများက စစ်ဘေးရှောင်များကို လှူဒါန်းရန် အများအပြား ဝယ်ယူနေသည်ဟု ၎င်းကဆိုသည်။

ပွင့်လင်းရာသီဆိုရင် ငါးခြောက်တွေက ဘင်္ဂလားဒေ့ရှ်ကို အများဆုံးပို့ကြောင်း၊ ဒီနှစ်မှာတော့ စစ်ဘေးရှောင်တွေအတွက် လူမှုအဖွဲ့အစည်းတွေက ဝယ်ယူနေကြတော့ အရောင်းအဝယ်ပိုကောင်းကြောင်း ငါးခြောက်ပွဲရုံပိုင်ရှင် ဦးဇော်လင်းက ပြောကြားသည်။ ရခိုင်ပြည်နယ်တွင် ငါးခြောက်လုပ်ငန်းကို သံတွဲမြို့နယ်တွင် အများဆုံးလုပ်ကိုင်ပြီး မြေပုံမြို့နယ်တွင် လည်းလုပ်ကိုင်သည်။ အများဆုံးရောင်းရသည့် ငါးခြောက်သည် ငါးနီတူခြောက်ဖြစ်ပြီး ငါးခြောက်အကောင်ကြီးများ အရောင်းအဝယ်နည်းပါးသည်။ လက်ရှိသံတွဲဈေးကွက်တွင် ငါးနီတူခြောက် တစ်ပိဿာ ကျပ် ၆,၀၀၀ မှ ကျပ် ၈,၀၀၀ ဈေးရှိ သည်။

**Source:** http://www.7daydaily.com/story/147909

## ကန်ဒေါ်လာ သုံးဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုဖော်ထုတ်ပေးမည့် ဆွေးနွေးပွဲနှစ်ရက်ကြာပြုလုပ်မည်

ကန်ဒေါ်လာ သုံးဘီလီယံကျော်တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုများဖော်ထုတ်ပေးမည့် မြန်မာရင်းနှီးမြှုပ်နှံမှု ၂၀၁၉ ဆွေးနွေးပွဲကို ဇန်နဂါရီ ၂၈ ရက်ကစကာ နေပြည်တော်တွင် နှစ်ရက်ကြာပြုလုပ်မည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က သတင်းထုတ်ပြန်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများရရှိမည့် ဆွေးနွေးပွဲဖြစ်ပြီး တိုင်းနှင့် ပြည်နယ်များတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ၁၂၀ ကျော်ကို အဆိုပါပွဲတွင် ပြသမည်ဖြစ်သည်။ ဆွေးနွေးပွဲ တက်ရောက်တဲ့ ပြည်တွင်း၊ ပြည်ပစီးပွားရေးသမားတွေက မြန်မာမှာရှိတဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍနဲ့ စီမံကိန်းတွေ ရှင်းလင်းစွာ သိရမှာဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းကပြော သည်။

မြန်မာရင်းနှီးမြှုပ်နှံမှု ၂၀၁၉ ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့ တက်ရောက်ဟောပြောမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်သည့် စီမံကိန်း (MSDP) နှင့် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်တို့နှင့် ဆက်စပ်သော သတင်းအချက်အလက်များကိုလည်းချပြမည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးကပြောသည်။ မန္တလေးတိုင်းရှိ မြို့သာစီမံကိန်းအပါအဝင် အခြေခံအဆောက်အအုံနှင့် လုပ်သား အင်အားများစွာ လိုအပ်သော စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းကဏ္ဍ၊ အရင်းအနှီးများစွာ လိုအပ်သော ဆေးဝါးထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်ထုတ်လုပ်ခြင်း၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍများလည်း ပါဝင်သည်။ မြန်မာရင်းနှီးမြှုပ်နှံမှု ၂၀၁၉ ဆွေးနွေးပွဲကို မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်သည်။

**Source:** http://www.7daydaily.com/story/147792

## ကန်ဒေါ်လာတန်ဖိုး ရက်ပိုင်းအတွင်း တစ်ဒေါ်လာ ၁,၅၄၇ ကျပ်သို့ ပြန်ရောက်



ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် လေးရက်အတွင်း ၂ ရာခိုင်နှုန်းကျော် ပြန်လည်မြင့်တက်ပြီး ဇန်နဝါရီ ၁၈ ရက်၌ တစ်ဒေါ်လာ ၁,၅၄၇ ကျပ်သို့ ရောက်ရှိလာသည်။ ဇန်နဝါရီ ဒုတိယပတ်တွင် ကန်တစ်ဒေါ်လာလျှင် ၁,၅၀၇ ကျပ်အထိ ကျဆင်းခဲ့သည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ယခုနှစ်၌ တစ်ဒေါ်လာ ၁,၅၄၇ ကျပ်ဖြင့်စတင်ပြီးနောက် ဆက်တိုက်ကျဆင်းလာခြင်းကြောင့် တစ်ဒေါ်လာ ၁,၅၀၀ ကျပ် အောက်ဈေးကျဆင်းမည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကခန့်မှန်းခဲ့သည်။ ဗဟိုဘဏ်က ဇန်နဝါရီလလယ်ပိုင်းအထိ ပြည်တွင်းငွေကြေးဈေးကွက်မှ ကန်ဒေါ်လာ ၃၇ သန်းကို ရည်ညွှန်းငွေလဲနှုန်းဖြင့် ဝယ်ယူခဲ့သည်။ ရည်ညွှန်းငွေလဲနှုန်းက ပြင်ပပေါက်ဈေးထက် အနည်းငယ်များသည်ကိုလည်း ဗဟိုဘဏ်နေ့စဉ်ထုတ်ပြန်ချက်တွင်တွေ့ရသည်။

သို့သော် ဇန်နဝါရီ ၁၅ ရက် ညနေကစတင်ပြီး ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာပြီး တစ်ရက်လျှင် ၁၀ ကျပ်ခန့် မြင့်တက်လာသည်။ ကန်ဒေါ်လာတန်ဖိုး မြင့်တက်မှုက တစ်ပတ် အတွင်း တစ်ဒေါ်လာလျှင် ၂ ရာခိုင်နှုန်းကျော် (၄၀ ကျပ် ခန့်) ပြန်လည် မြင့်တက်လာသည်ဟု ငွေကြေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။ လက်ရှိ ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာခြင်းနှင့်ပတ်သက်၍ “လိုအပ်ချက်များရင် ပြန်တက်ပြီး နည်းရင်တော့ ကျမှာပေါ့လေ” ဟု မြန်မာနိုင်ငံ မော်တော်ယာဉ်တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးမြင့်တက်လာသည့် ဇန်နဝါရီ ၁၅ ရက်ကစတင်ပြီး ဗဟိုဘဏ်က လေလံဈေးကွက်ဖြင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ တစ်ရက်လျှင် ဒေါ်လာ ၁၀၀ ခန့် ပြန်လည်ရောင်းချခဲ့သည်။ "၁၀၀ ရောင်းတော့လည်း ၁၀၀ ရတာပေါ့"ဟု ဒေါက်တာစိုးထွန်းကပြောသည်။ ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းချိန်က ဗဟိုဘဏ်မှ လေလံဈေးကွက်ဖြင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များထံမှ တစ်ရက်လျှင် ဒေါ်လာပမာဏသန်းချီဝယ်ယူပေးခဲ့သည်။ ဗဟိုဘဏ်က ပြည်တွင်းငွေကြေးဈေးကွက် တည်ငြိမ်ရေးဆိုသည့် အကြောင်းပြချက်ဖြင့် ဒေါ်လာများဝယ်ယူခြင်းဖြစ်သည်။ ဒေါ်လာတန်ဖိုး မြင့်တက်လာချိန်တွင် ဗဟိုဘဏ်က ဒေါ်လာရောင်းချပေးမှုပမာဏနည်းပါးနေခြင်းနှင့်ပတ်သက်၍ ငွေကြေးဈေးကွက် ကျွမ်းကျင်သူအချို့က ဝေဖန်မှုများရှိနေသည်။ ဗဟိုဘဏ်က ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးကို ကျပ် ၁,၅၅၀ ၌ ထိန်းထားလိုသည်ဟု ငွေကြေးဈေးကွက် ကျွမ်းကျင်သူအချို့က သုံးသပ်သည်။

**Source:** http://www.7daydaily.com/story/147790

## STOCK EXCHANGE (21.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -100 | -1.04% | 9,600 | 9,600 | 9,500 | 4,349 | 41,318,200 | 27,112,747 | 257,571 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,900 | 2,950 | 2,900 | 2,077 | 6,053,550 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 30 | 213,000 | 10,400,986 | 73,847 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,000 | 22,500 | 22,000 | 65 | 1,455,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 572 | 1,544,400 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.44 | -5.52 | -1.40% | 392.18 | 392.18 | 389.44 | 7,093 | 50,584,650 | 5 | 531,673 |


**Index chart**



# Market Overview

As of 1:00 pm, 21st Jan. 2019

| MYANPIX | 389.44 ▼ 5.52 |
|---|---|
| Total Volume (shares) | 7,093 |
| Total Value (MMK) | 51 mil |
| Listed Company | 5 |
| Market Cap. (MMK) | 531,673 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▼100 |
| MTSH | 00002 | 2,900 | ▼50 |
| MCB | 00003 | 7,100 | ▼100 |
| FPB | 00004 | 22,000 | ▼500 |
| TMH | 00005 | 2,700 | ▼50 |

TIR